**သစ်တောနယ်မြေအတွင်း ရွှေနှင့် ဓါတ်သတ္တုအမျိုးမျိုး/စက်မှုတွင်းထွက်ကုန်ကြမ်းများ စမ်းသပ်တိုင်းတာ/ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် လုပ်ငန်းအစီအစဉ်များ**

(၁) ရွှေနှင့် သတ္တုအမျိုးမျိုး၊ စက်မှုတွင်းထွက်ကုန်ကြမ်းများ စမ်းသပ်တိုင်းတာ/တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကုမ္ပဏီ/အဖွဲ့အစည်းများမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာ သတ္တုတွင်းဦးစီးဌာန/ လုပ်ငန်းများသို့ တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

(၂) အဆိုပြုလျှောက်ထားသည့် လုပ်ကွက်မြေဧရိယာသည် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော/ သဘာဝနယ်မြေများအတွင်း ကျရောက်ခြင်း ရှိ/မရှိနှင့် ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ သက်ဆိုင်ရာ သတ္တုတွင်းဦးစီးဌာန/လုပ်ငန်းများမှသစ်တောဦးစီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံရပါသည်။

(၃) သစ်တောဦးစီးရုံးချုပ်မှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနသို့ အဆိုပြုလျှောက်ထားသည့်ဧရိယာ၏

- (က) ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော/ သဘာဝနယ်မြေအတွင်း ပါဝင်ကျရောက်မှု အခြေအနေ၊
- (ခ) သစ်တောသစ်ပင် ပေါက်ရောက်မှု အခြေအနေ၊
- (ဂ) သစ်တောစိုက်ခင်းနှင့် သစ်ထုတ်ဧရိယာများအတွင်း ပါဝင်ကျရောက်မှု အခြေအနေ၊
- (ဃ) အဓိကဆည်/ ရေလှောင်တမံများ၏ ရေဝပ်ဧရိယာနှင့် ရေဝေရေလဲဧရိယာများအတွင်း ပါဝင်ကျရောက်မှု အခြေအနေ၊
- (င) လုပ်ကွက်ပတ်ဝန်းကျင်ရှိ အခြားမြေအသုံးချမှု အခြေအနေ၊
- (စ) ရွှေနှင့် ဓါတ်သတ္တုအမျိုးမျိုး၊ စက်မှုတွင်းထွက်ကုန်ကြမ်းများ စမ်းသပ်တိုင်းတာ/ တူးဖော်ထုတ်လုပ်ရာ၌ သစ်တောသစ်ပင်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှု အခြေအနေ၊
- (ဆ) ကုမ္ပဏီမှ စမ်းသပ်/တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်မည့် နည်းစနစ် စသည်တို့အား ကွင်းဆင်းစစ်ဆေးတင်ပြရန် တာဝန်ပေးဆောင်ရွက်ပါသည်။

(၄) သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးတာဝန်ခံ၏ သဘောထားမှတ်ချက်နှင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက် အစီရင်ခံစာများကို သစ်တောဦးစီးရုံးချုပ်မှ စိစစ် သုံးသပ်၍ ခွင့်ပြုရန် သင့်/ မသင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ ဆက်လက်တင်ပြ အစီရင်ခံပါသည်။

(၅) ပြည်ထောင်စုဝန်ကြီးရုံးမှ ခွင့်မပြုနိုင်ကြောင်း ပြန်ကြားလာသည့် လုပ်ကွက်များအား မြေပြင်တွင် လုပ်ငန်းဆောင်ရွက်မှု မရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနသို့ အကြောင်းကြားပါသည်။

(၆) ပြည်ထောင်စုဝန်ကြီးရုံးမှ ကန့်ကွက်ရန် မရှိကြောင်း ပြန်ကြားလာသည့် လုပ်ကွက်များအား သတ္တုတွင်းခွင့်ပြုမိန့် မရရှိမီ သစ်တောသစ်ပင်များ ပြန်လည်အစားထိုးစိုက်ပျိုး စေမည့် လုပ်ငန်းစီမံချက်များ ရေးဆွဲတင်ပြစေ၍ လုပ်ငန်းအာမခံငွေပေးသွင်းစေပါသည်။

(၇) အဆိုပါလုပ်ကွက်များအတွက် သတ္တုတွင်းခွင့်ပြုမိန့် ရရှိပါက သက်ဆိုင်ရာ ခရိုင်၊ သစ်တောဦးစီးဌာနတွင် မြေငှားရမ်းခ အခွန်ငွေ၊ မြေငှားရမ်းခ ကောက်ခံရရှိမှုအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅% များ ပေးသွင်းစေပြီး သစ်တောဦးစီးရုံးချုပ်တွင် စာချုပ်ချုပ်ဆို ဆောင်ရွက်ပေးလျက်ရှိပါသည်။

(၈) သစ်တောဦးစီးရုံးချုပ်တွင် စာချုပ်ချုပ်ဆိုပြီးမှသာ အဆိုပါ လုပ်ကွက်များအား သက်ဆိုင်ရာ ကုမ္ပဏီ/ အဖွဲ့အစည်းများမှ လုပ်ငန်းများ စတင်ဆောင်ရွက်ခွင့်ပြုပါသည်။

(၉) စာချုပ်ချုပ်ဆိုခွင့်ပြုပြီးလုပ်ကွက်များတွင် စည်းကမ်းသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိ၊ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုကြောင့် သဘာဝဝန်းကျင်နှင့် သစ်တောသစ်ပင်များကို ထိခိုက်မှု ရှိ/မရှိတို့ကို သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် သစ်တောဦးစီးဌာနများမှ စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးခြင်း၊ နှစ်စဉ် သတ်မှတ်အခွန်ငွေများ ပေးသွင်းရန် ကြပ်မတ်ခြင်းတို့ ဆောင်ရွက်ရပါသည်။

(၁၀) လုပ်ငန်းဆောင်ရွက်ခွင့်ပြုသည့် ကာလကုန်ဆုံးသည့်အခါဖြစ်စေ၊ ဆက်လက် လုပ်ကိုင်လိုခြင်း မရှိ၍ ပြန်လည်အပ်နှံသည့်အခါဖြစ်စေ ကွင်းဆင်းစစ်ဆေး၍ စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိမှသာ လုပ်ကွက်ပယ်ဖျက်ပြီး ပေးသွင်းထားသော လုပ်ငန်းအာမခံငွေကို ပြန်လည်ထုတ်ယူခွင့်ပြုပါသည်။

(၁၁) ရွှေနှင့် သတ္တုအမျိုးမျိုး၊ စက်မှုတွင်းထွက် ကုန်ကြမ်းများ စမ်းသပ်တိုင်းတာ/ တူးဖော်ထုတ်လုပ်မှုများကို လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များ သတ်မှတ်၍ သက်ဆိုင်ရာ ကုမ္ပဏီ/ လုပ်ငန်းရှင်များအား သတ္တုတွင်းခွင့်ပြုမိန့်ပါ ခွင့်ပြုကာလနှင့်အညီ အောက်ပါဇယားတွင် ဖော်ပြပါရှိသည့် မြေငှားခအခွန်ငွေနှင့် လုပ်ငန်းအာမခံငွေကို ပေးသွင်းစေ၍ နှစ်စဉ် မြေငှားစာချုပ်ချုပ်ဆို ခွင့်ပြုလျက်ရှိပါသည် -

| စဉ် | သတ္တုအမျိုးအစား | (၁)ဧကလျှင် လုပ်ငန်း အာမခံငွေ(ကျပ်) | (၁)ဧကလျှင် မြေငှားခ အခွန်ငွေ(ကျပ်) |
|---|---|---|---|
| (၁) | ရွှေ | ၂၀၀,၀၀၀ | ၅၀,၀၀၀ |

| စဉ် | သတ္တုအမျိုးအစား | (၁)ကေလျှင် လုပ်ငန်း အာမခံငွေ(ကျပ်) | (၁)ကေလျှင် မြေငှားခ အခွန်ငွေ(ကျပ်) |
|---|---|---|---|
| (၂) | ခနောက်စိမ်း၊ခဲမဖြူ/အဖြိုက်နက်၊မင်းဂနိစ်၊ ကြေးနီ၊ခဲနှင့်ရောရာသံသတ္တုရိုင်း၊ဓာတ်သတ္တု၊ ဘောက်ဆိုဒ်၊ အင်ကြင်းကျောက်၊ခရိုမီယမ် | ၁၀၀,၀၀၀ | ၂၅,၀၀၀ |
| (၃) | ထုံးကျောက်၊ကျောက်မီးသွေး၊မြေဖယောင်း၊ သင်ပုန်းကျောက်၊စကျင်ကျောက်၊ ဘရိုက်တီးကျောက် | ၅၀,၀၀၀ | ၁၅,၀၀၀ |

(၁၂) စာချုပ်ချုပ်ဆို ခွင့်ပြုထားသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များမှ စာချုပ်စည်းကမ်း တစ်စုံတစ်ရာကို ချိုးဖောက်ပါက စာချုပ်စည်းကမ်းဖောက်ဖျက်မှုဖြင့် တရားစွဲဆို အရေးယူ ဆောင်ရွက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြ၍ ခွင့်ပြုပြီးစာရင်းမှ ပယ်ဖျက်ခြင်းလုပ်ငန်း ဆောင်ရွက်ပါသည်။

**သက်ဆိုင်သည့် ဥပဒေ/နည်းဥပဒေများ**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သစ်တောနယ်မြေများအတွင်း ရွှေနှင့် ဓါတ်သတ္တုအမျိုးမျိုး၊ စက်မှုတွင်းထွက်ကုန်ကြမ်းများ စမ်းသပ်တိုင်းတာ/ တူးဖော်ထုတ်လုပ် ရန် မူအားဖြင့် ခွင့်ပြုထားခြင်း မရှိသော်လည်း ၁၉၉၂ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၁၂(က) နှင့် ၁၉၉၅ ခုနှစ်၊ သစ်တောနည်းဥပဒေများ ပုဒ်မ ၂၀(က) တို့အရ -

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး တို့ကို ချင့်ချိန်ပြီး ရွှေနှင့် သတ္တုအမျိုးမျိုး၊ စက်မှုတွင်းထွက်ကုန်ကြမ်းများ စမ်းသပ်တိုင်းတာ/ တူးဖော်ထုတ်လုပ်မှုများကို လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များ သတ်မှတ်၍ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေမည့် နည်းလမ်းများဖြင့် စနစ်တကျ စိစစ်ခွင့်ပြုခြင်း၊ စစ်ဆေးကြပ်မတ်ခြင်း၊ လိုက်နာဆောင်ရွက်မှုမရှိပါ က ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။